# မြန်မာပြည်ရှိ ပထမဆုံး ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုပေးအပ်နေသည့် Wave Money မှ ကိုယ်စားလှယ်များနှင့် အသုံးပြုသူများအကြား လွယ်ကူစွာ ချိတ်ဆက်နိုင်ရေးအတွက် open API စတင် မိတ်ဆက်

*မြန်မာပြည်၏ ခေတ်သစ် ငွေပေးချေခြင်းကဏ္ဍ ပုံဖော် နိုင်ရေးအတွက် မြန်မာနိုင်ငံရှိ ကိုယ်စားလှယ်များအတွက် cashless payments စနစ်ရရှိစေရန် ဒီဂျစ်တယ် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ပေးအပ်နေသည့် Wave Money မှ အသစ် ထပ်မံမိတ်ဆက်သည့် Developer Portal ဖြင့် ကူညီဆောင်ရွက်ပေးသွားမည်။*

**ရန်ကုန်, အောက်တိုဘာလ ၂၃ရက် ၊ ၂၀၁၇** - မြန်မာနိုင်ငံ၏ ပထမဦးဆုံး မိုဘိုင်းဖုန်းအခြေပြု ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုပေးအပ်နေသည့်Wave Money သည် ယင်းတို့၏ ကိုယ်စားလှယ်များနှင့် အသုံးပြုသူများအကြား လွယ်ကူစွာချိတ်ဆက်နိုင်ရေးအတွက် cashless payments (ငွေသားအသုံးမပြုပဲ ငွေပေးချေနိုင်ခြင်း) စနစ် ဖော်ဆောင်ရန် Wave Money Developer Portal နှင့်အတူ Application Programming Interface (API) platform ကို စတင်မိတ်ဆက်လိုက်သည်။ ပြည်တွင်းရှိ ဒီဂျစ်တယ်ငွေပေးချေခြင်းဆိုင်ရာအခန်းကဏ္ဍတွင် ဦးဆောင်နေသည့် Wave Money မှ ခေတ်မှီနည်းပညာတစ်ရပ်ကို ပထမဆုံးဦးဆောင်သူအဖြစ် ဝန်ဆောင်မှုပေးခြင်းဖြစ်သည်။

APIs သည် မတူကွဲပြားခြားနားသည့် software များအကြား ချိတ်ဆက်နိုင်ရေးအတွက် ဆောင်ရွက်ပေး သွားမည်ဖြစ်သည်။ ကုန်သည်များသည် Wave Money ဆော့(ဖ်)ဝဲထံ ချိတ်ဆက်ပြီး ၄င်းတို့၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအတွက် cashless payments စနစ်ဖြင့် ငွေလက်ခံနိုင်ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးစပြုနေသော e-commerce ရဲ့ အခန်းကဏ္ဍ ရေရှည်မှာ အောင်မြင်နိုင်မည့် အလား အလာကို အသိအမှတ်ပြုသောအားဖြင့် Wave Money မှ developer portal ကို စတင်မိတ်ဆက်လိုက်ခြင်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများစွာနဲ့ customers များစွာထံသို့ လုံခြုံလျင်မြန် လွယ်ကူ သည့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်သွားရန်မှာ Wave Money ၏ ရည်ရွယ်ချက် ပင်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝှမ်းတွင် cashless payments စနစ်ကိုသာလျင် အသုံးပြုပြီး e-commerce တိုးတက်မှုနှုန်းမှာ သိသာထင်ရှားလာသည်ဖြစ်သည့်အတွက် Wave Money မှ ထပ်မံထုတ်လုပ် မိတ်ဆက်လိုက်သည့် ' Pay

with Wave Money ‘ သည် customers များ e-commerce ကုမ္ပဏီ များထံမှ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုတို့ ကို cashless payments စနစ်ဖြင့် ဝယ်ယူနိုင်ရန် အားဖြည့်ကူညီထားပါသည်။

ကိုယ်စားလှယ်များ၏ ပိုမိုများပြားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းလိုသောအားဖြင့် Wave Money က ပြည်တွင်းကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းကာ ‘Pay with Wave Money’ ကို သူတို့၏ websites နှင့် မိုဘိုင်းဖုန်းအခြေပြု sites များတွင် ထည့်သွင်းခြင်းနှင့် စပ်လျဉ်းပြီး လုပ်ဆောင်ရမည့်အပိုင်းများ ပိုမိုလွယ်ကူမြန်ဆန်သွားစေရန်ရယ်ရွယ်ပြီး ပလက်ဖောင်းအသစ်တစ်ခု တည်ဆောက်သွားရန်အတွက် အတူတကွလုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

“ကျွန်တော်တို့ Pay with Wave Money ကို စတင် မိတ်ဆက်လိုက်ကတည်းက ကျွန်တော်တို့နဲ့ အတူပူးပေါင်းလက်တွဲချင်နေကြတဲ့ စိတ်ပါဝင်စားကြတဲ့ ကိုယ်စားလှယ်များက ဒီ cashless payments ကို သူတို့ ရဲ့ e-commerce websites တွေပေါ်မှာ ပေါင်းစပ်ထည့်သွင်းချင်နေကြပါတယ်။ ဒါပေမယ့် ဒီအစီအစဉ်က manual ဖြစ်လို့ scalable လုပ်လို့ လည်းမရသေးဘူး။ အဲ့ဒီမှာ ကျွန်တော်တို့ Wave Money က အိုင်ဒီယာ အသစ်အနေနဲ့ ကျွန်တော်တို့ Developer Portal ပေါ်မှာ ကိုယ်စားလှယ်များ ကိုယ်တိုင်မိမိရဲ့ ကိုယ်ရေးရာအချက်အလက်များ ဖြည့်သွင်းမယ် ပြီးရင် လိုအပ်တဲ့ စာရွက်စာတမ်းတွေကို တင်လိုက်ပြီးပြီဆိုတာနဲ့ ဒီ cashless payments က သူတို့ ရဲ့ e-commerce websites တွေပေါ်မှာ ပေါင်းစပ်ထည့်သွင်း ပြီးသား ဖြစ်သွားမှာပါ။ ဒါဟာ ကျွန်တော်တို့ ကိုယ်စားလှယ်များအတွက် ပိုလွယ်ကူပြီး မြန်ဆန်သွားစေမယ့် နည်းလမ်းတစ်ခုပါပဲ။ ဒီလမ်းကြောင်းက မြန်မာနိုင်ငံမှာ cashless economy ကိုတည်ဆောက်ဖို့ အတွက် အလွန် အရေးပါတဲ့ အဆင့်တစ်ဆင့်ဖြစ်ပါတယ်” လို့ Brad Jones, CEO Wave Money မှ ဆိုပါတယ်။

Wave Money သည် ဈေးကွက်တွင်းရှိ တခြားသော mobile money ဝန်ဆောင်မှုများနဲ့ ကွဲပြားစွာ ငွေလွှဲဝန်ဆောင်မှုများ(transfer services) ကို Wave ဆိုင်ကိုယ်စားလှယ်ဆိုင်များမှ တဆင့်ဖြစ်စေ အပ်ပလီကေးရှင်း အခြေပြုစမတ်ဖုန်းမှဖြစ်စေ ဝန်ဆောင်မှုပေးအပ်နိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အစဉ်အဆက် ငွေသားဖြင့် ငွေပေးချေခြင်းများသာ အလေးပေးခဲ့သည့် လူ့ အဖွဲ့ အစည်းမှ digital solution ကဏ္ဍကိုလူအများ ပိုမို စိတ်ဝင်စားလာပြီဖြစ်သည့်အတွက် တစ်ဟုန်ထိုး စမတ်ဖုန်း ဈေးကွက်ထိုးဖောက်ဝင်ရောက်မှုများနှင့်အတူ digital payments များအတွက် Wave Money မှ ရင်းနှီးမြှုပ်နှံမှုနှင့် စိတ်အားထက်သန်မှုများဖြင့် မြန်မာပြည်၏ ဒီဂျစ်တယ်စနစ်အသွင်ကူးပြောင်းရေးကဏ္ဍကို အထောက်အပံ့ပေးသွားမည်ဖြစ်ပါသည်။Wave Money developer Portal ကို https://partners.wavemoney.com.mm မှ ဝင်ရောက်နိုင်ပါသည်။

Wave Money နှင့် အတူ လက်တွဲလုပ်ကိုင်လျက်ရှိသည့် မိတ်ဖက်ပါတနာများကလည်း မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဆိုင်ရာနည်းပညာ တိုးတက်မှုအပေါ် စိတ်လှုပ်ရှားလျက်ရှိသည်။

Coda Payment ၏ အမှုဆောင်အရာရှိချုပ် Paul Leishman က " ဒီလို  ခေတ်မီတိုးတက်တဲ့နည်းပညာတွေက မိတ်ဖက်ပါတနာတွေအတွက် အသုံးပြုရအရမ်းလွယ်ကူစေပါတယ်။ လွန်ခဲ့တဲ့လအနည်းလောက်က Coda ကနေပြီး *Pay with Wave Money* ကို မိတ်ဆက်လိုက်တည်းက လူအများအပြားရဲ့ တုံ့ပြန်မှုအား အရမ်ကောင်းခဲ့အတွက် ဒါဟာ တော်တော်လေးအောင်မြင်တယ်လို့ ဆိုလို့ ရပါတယ်။
ကျွန်တော်တို့ အရှေ့ တောင်အာရှတခွင်မှရှိတဲ့ payment channels တွေအပြင် Wave Money Developer Portal နဲ့ API ကလည်း အခိုင်အမာရပ်တည်ပြီးပံ့ပိုးပေးနိုင်တဲ့အတွက် ဒီလို  Developer ကွန်ရက်ကလည်း မြန်မာနိုင်ငံမှာ အလျင်အမြန်တိုးတက်အောင်မြင်မှာ သေချာပါတယ်၊" ဟုဆိုသည်။

Wave Money မှ ကိုယ်စားလှယ်များ၊ developers များနှင့် Wave Money ဝန်ထမ်းများ အားလုံးအတူတကွ ဈေးကွက် လိုအပ်ချက်နှင့် စိန်ခေါ်မှုများအကြောင်း ဆွေးနွေးကာ ၊ သိလိုသည်များမေးမြန်းနိုင်မည့် Wave Money Merchant Clinic  ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍကို ခေတ်မီသည့်နည်းပညာများနှင့် ယခုထက်မက တိုးတက်လာအောင် လမ်းခင်းပေးရန်ရည်ရွယ်ကာ ယခုပွဲကို ကျင်းပခြင်းဖြစ်သည်။ ပွဲ၏အသေးစိတ်အချက် အလက်များကိုသိရှိနိုင်ရန် Wave Money ဖေ့ဘွတ်ပေ့ချ်တွင် တင်ပြပေးသွားမည်ဖြစ်သည်။
ယခုပွဲတွင်ပါဝင်လိုသည့် Developer များနှင့် ကိုယ်စားလှယ်များသည် Wave Money Call Center ကိုခေါ်ဆို၍ အသေးစိတ်စုံစမ်းမေးမြန်းနိုင်ပါသည်။





*Figure 1. Sign up page for Wave Money Developer Portal*

## Pay with Wave Money

မြန်မာနိုင်ငံရှိ ပြည်သူများသည် debit and credit cards ကိုင်ဆောင်မှု နည်းပါးနေသည့်အတွက် ယခုလို Cashless payments ကို အသုံးပြုခြင်းဖြင့် ကိုယ်စားလှယ်များသည် ပိုမိုများပြားသော customers များထံအရောက် လက်လှမ်းနိုင်မည်ဖြစ်သည်။ ကိုယ်စားလှယ်များ ရင်ဆိုင်ကြုံတွေ့ နေရသည့် ပစ္စည်းပို့ပြီးမှ ငွေချေရသည့်အပိုင်းတွင် ပစ္စည်းပို့ သော်လည်း  customer မှ ရှိမနေခြင်း သို့ မဟုတ် ပစ္စည်းဖိုးငွေပေးချေရန် ငွေ အလုံအလောက်မရှိခြင်း စသည့် ပြဿနာများလည်း လျှော့ချနိုင်မည်ဖြစ်သည်။

Wave Money အသုံးပြုသူများ သည် Ezytics မှ ရုပ်ရှင်လက်မှတ်များကိုလည်းကောင်း၊ Food2U နှင့် အစားအစာမှာယူနိုင်ခြင်းကို လည်းကောင်း၊  White Merak app မှတဆင့် ဒီဂျစ်တယ် ကာတွန်းစာအုပ်များ စသည်တို့ ကို cashless payments မှတဆင့် လွယ်ကူချောမွေ့စွာ ဝယ်ယူနေကြပြီဖြစ်ပါသည်။ ပြီးခဲ့သည့် သီတင်းပတ်များတွင်လည်း ‘Pay with Wave Money’ ကို အသုံးပြုပြီး customers များ က Yoma Yangon International Marathon လက်မှတ်များ ဝယ်ယူခဲ့ကြပါသည်။ လာမည့်လအတွင်း Wave Money ကို အသုံးပြုကာ ကုန်ပစ္စည်းမျိုးစုံနှင့် ဝန်ဆောင်မှုများစွာ ပိုမိုဝယ်ယူနိုင်တော့ဖြစ်သည်။




*Figure 2. Pay with Wave Money for Mobile Legends Diamonds*

Pay with Wave Money နှင့်ပတ်သက်၍ အသေး စိတ်အချက်အလက်များ သိရှိလိုပါက (၂၄) နာရီပတ်လုံး ပိတ်ရက်မရှိ ဝန်ဆောင်မှုပေးနေသော Call Center ကို ဆက်သွယ်မေးမြန်း နိုင်ပါသည်။ Telenor ဆင်မ်ကဒ် အသုံးပြုသူများအတွက် ၉၀၀ နံပါတ်ဖြင့်ခေါ်ဆိုနိုင်ပြီး၊ အခြားဆင်မ်ကဒ်များမှ ခေါ်ဆိုလိုပါက ၀၉၇၉၀၀၀၉၀၀၀ ခေါ်ဆိုနိုင်ပါသည်။

**Wave Money အကြောင်း**

Wave Money သည် ငွေလွှဲဝန်ဆောင်မှုများကို Wave ဆိုင်များဖြစ်သော ကိုယ်စားလှယ်ပေါင်း ၁၂၀၀၀ မှတစ်ဆင့် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းတစ်ခုဖြစ်သည်။ Wave Money သည် မိုဘိုင်းငွေကြေးလွှဲပြောင်းနိုင်သည့်ဝန်ဆောင်မှုတစ်ခုဖြစ်ပြီးတယ်လီနော၊ ပထမမြန်မာရင်းနှီးမြှုပ်နှံမှု (FMI) နှင့်ရိုးမဘဏ်တို့ အတူတကွလက်တွဲပူပေါင်းဖွဲ့စည်းထားသောကုမ္ပဏီဖြစ်သည်။ Wave Money သည် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတစ်ဦးနှင့်တစ်ဦးငွေလွှဲနိုင်ရန်အကောင်းဆုံးငွေလွှဲဝန်ဆောင်မှုအားဆောင်ရွက်ပေးလျက်ရှိသည်။မြန်မာနိုင်ငံပြည်သူများအချိန်တိုင်း၊နေရာတိုင်းကိုငွေလွှဲနိုင်ပြီဖြစ်သည်။
http://www.wavemoney.com.mm

**For media enquiries, please contact:**
Mr. Aung Bo Bo Win
Public Relations Executive
Havas Riverorchid Media for Wave Money
bobo.win@havas-ro.com
(95) 9420110296